# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

## National Community Driven Development Project




**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့နွဲ ကျေးရွာအုပ်စု**

**မြို့ဟောင်းကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်**

**၂၀၂၀ပြည့်နှစ်**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | -၄ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေရေိယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ | ၅-၁၁ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြစ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ | ၁၂-၁၃ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) | ၁၄-၁၉ |


| | | |
|---|---|---|
| | ၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar) | |
| | ၆.၃။ ဥစ္စာစနေကြွယ်ဝမှုအဆင့် (Wealth Ranking) | |
| | ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram) | |
| | ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) | |
| | ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။ | ၂၀-၂၂ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။ | ၂၃ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။ | ၂၄ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1) | ၂၅-၂၈ |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2) | ၂၉-၃၀ |
| ၁၂။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3) | ၃၁-၃၃ |
| ၁၃။ | ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ | ၃၄ |
| ၁၄။ | ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား | ၃၅-၃၆ |
| ၁၅။ | လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ | ၃၇ |

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

### ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ကော့နွဲကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| **၁။** | ကော့နွဲ | ၁၀၀ | ၂၄၅ | ၂၈၈ | ၅၃၃ |
| **၂။** | မြို့ဟောင်း | ၄၀ | ၁၃၂ | ၁၀၈ | ၂၄၀ |
| **၃။** | ကျောက်စရစ်ကုန်း | ၂၆ | ၆၃ | ၅၅ | ၁၁၈ |

# ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

## ၄.၁။ ကျေးရွာသမိုင်းကြောင်း။

မြို့ဟောင်းရွာသည် ကော့ကရိတ်မြို့၏ အရှေ့တောင်ဘက်(၄)မိုင်ခန့်အကွာတွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ မြန်မာ့အမည် မြို့ဟောင်းအဖြစ်ခေါ်ဝေါ်နေခြင်းမှာ ၎င်းရွာအနီး၌ တည်ရှိခဲ့သောမြို့ဟောင်းကိုအမှီပြု၍ မြို့ဟောင်းရွာဟု ခေါ်တွင်ခြင်းဖြစ်သည်။

၎င်းမြို့ဟောင်းရွာနှင့် (၃)မိုင်ခန့်ဝေးကွာသော နေရာ၌ မြို့တည်ရှိခဲ့ဖူးကြောင်း တွေ့ရှိရသော အထောက်အထားများမှာ အုတ်မြို့ရိုးများနှင့် ကျုံးဖြစ်ဟန်တူသော ရေကန်များ ယနေ့တိုင် အထင်အရှားတွေ့ရှိရခြင်းဖြစ်သည်။ ၎င်းမြို့ရိုး၌ အသုံးပြုခဲ့သော အုတ်များမှာ ယနေ့ အသုံးပြုသော အုတ်များထက် အရွယ်အစား ကြီးမားခိုင်ခန့်သည့်အပြင် အချို့အုတ်များမှာ ယနေ့ ထက်တိုင် အကောင်းပကတိအတိုင်းတွေ့ရှိရသည်။

တိုင်းရင်းသားဒေသခံများက မြို့ဟောင်းရွာသည် ယခင်က ရှင်ဘုရင်များ မြို့တည်ခဲ့ပြီး မြို့ဟောင်းအနီး မြို့ရိုးနေရာတဝိုက်မှာ နန်းတော်ရာဖြစ်ကြောင်း ပြောဆိုကြသဖြင့် သမိုင်း သုတေသီများ လေ့လာသင့်လှသော ရွာတစ်ရွာဖြစ်သည်။

ရှည်ကြာခဲ့သော အတိတ်နှောင်းက မင်း၊ မြို့စားများ မြို့ပြထူထောင် ထီးနန်းစိုက်ထူ စိုးစံခဲ့သော နေရာဒေသဌာနသည် ယခုအခါ၌ ကျေးရွာငယ်တစ်ရွာအဖြစ်သာ တည်ရှိ နေလေသည်။ ရှေးက တံခါးစောင့်ခံတပ်မြို့က ဖြစ်ခဲ့သော ဒွါရပူရမြို့သည် မြို့ရုံများနှင့် စည်ပင်ခဲ့သော်လည်း ယခုအခါ မြို့ဟောင်းရွာကလေးအဖြစ် အမည်တွင်လေသည်။ သို့ရာတွင် ဤဒေသ၌ နေထိုင်ကြသော ဒေသခံတိုင်းရင်းသားတို့က တစ်ခေတ်တစ်ခါက ရှေးမင်းများ ထီးမြို့ နန်းမြို့ဖြစ်ခဲ့ပြီး ကြီးကျယ်စည်ပင်ခဲ့သည်ကို ဂုဏ်ယူဖွယ်အဖြစ် ပြောဆိုလျက်ရှိကြသည်။

ကော့ကရိတ်မြို့ အရှေ့တောင်ဘက်(၅)မိုင်ခန့်အကွာတွင် မြို့ဟောင်းအမည်ရှိသော ရွာကလေးတည်ရှိသည်။ ဤရွာကလေးတွင် မျက်မှောက်၌ ဒေသခံကရင်၊ ပအို့ဝ်၊ ရှမ်းတိုင်း ရင်းသားများ ချစ်ကြည်ရင်းနှီးစွာ ရောနှောနေထိုင်ကြသည်။ မြို့ဟောင်းရွာကလေးသည်

ကော့နွဲ့ကျေးရွာအုပ်စုတွင် ပါဝင်လျက် အိမ်ခြေ(၄၀)ခန့်သာရှိပြီး အားလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ လူနေအိမ်များမှာ သာမန်အားဖြင့် သစ်သားအိမ်၊ ဝါးအိမ်သာရှိသော်လည်း တစ်ကျောင်းတည်းသာ ရှိသော ဘုန်းတော်ကြီးကျောင်းကိုမူကား ခဲ့တည်စွာ တည်ဆောက် ကိုးကွယ်လျက်ရှိသည်။

မျက်မှောက်၌ မြို့ဟောင်းရွာတည်ရာအရပ်သည် ရွာသစ်နေရာဖြစ်သည်။ ရှေးက မြို့ဟောင်းအဖြစ် တည်ရှိခဲ့သော တံခါးစောင့်ခံတပ်မြို့သည် ရွာ၏မြောက်ဘက် တစ်မိုင်ခန့်တွင် တည်ရှိသည်။ တောင်ခြေနှင့် နီးကပ်၍ငှက်ဖျားရောဂါ ထူပြောသဖြင့် လွန်ခဲ့သော နှစ်(၃၀)ခန့်က ဤနေရာတွင်ပြောင်းရွှေ့ရွာတည်ခဲ့သည်။ ခေတ်အခြေအနေအရ ရွာပျက်၊ ကျောင်းပျက်အခိုက်အတန့် ဖြစ်ခဲ့ပြီး ယခုအခါ ဘုန်းတော်ကြီးကျောင်း၊

စာသင်ကျောင်းနှင့်ကျေးရွာနယ်လှည့်ဆေးခန်းများရှိလာသည်ဟုစာရေးသူ(၂၈.၅.၀၅)နေ့ ရောက်ရှိစဉ်က ကျောင်းထိုင် ဆရာတော် ဦးပဏ္ဍိတက မိန့်ကြားပါသည်။

ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတသည် သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၅)ဝါ ရှိသည်။ ခမည်းတော်ပအိုဝ်း အမျိုးသား ဦးမောင်ထွန်းသည် ရှမ်းပြည်နယ်မိုးနဲဒေသမှ မြို့ဟောင်းရွာသို့ ဂျပန်ခေတ်က ရောက်ရှိလာ၍ မယ်တော်ကရင် အမျိုးသမီး ဒေါ်နန်းအုပ်မှာ ကော့ကရိတ်ဒေသခံဖြစ်သည်။ ဆရာတော် ဦးပဏ္ဍိတသည် မြို့ဟောင်းရွာ မြောက်ဘက်တစ်မိုင်ခန့်တွင် စေတီငုတ် တိုဟောင်းတစ်ဆူ တွေ့ရှိ၍ ပြန်လည်တည်ထားပြုပြင်ခဲ့သည်။ ထိုနေရာ တူးထုတ်စဉ်က ရှေးဟောင်းအသုံး အဆောင်များ၊ ရုပ်ပွားတော် အကျိုးအပဲ့များ၊ လက်ရေးစင်းအမှတ်အသား ပါသော အုတ်ချပ်ကြီးမျှား တွေ့ရသည်။ သက္ကရာဇ် ၁၃၄၉ ခုနှစ်တွင် စေတီတော်ကို ထီးတော်တင်လှူပြီးသည့် နောက်ပိုင်းဒေသကျေးရွာများ အေးချမ်းလာသည်ဟူ၍ မိန့်ကြားပါသည်။

မြို့ဟောင်းရွာသည် တစ်ခေတ်တစ်ချိန်က ကရင်မင်းများ၊ မြို့စားများ ထီးမြို့နန်းမြို့ ထူထောင်ခဲ့သော ရာဇဝင်သမိုင်းအရ လေ့လာသူ သုတေသီ ပညာရှင်များ မကြာခဏ လာရောက်လေ့လာလျက် ရှိကြသည်။ ထီးမြို့ နန်းမြို့ အင်္ဂ ါရပ်ဖြစ်သော မြို့ရိုးဟောင်းနေရာများ၊ ကျုံးဟောင်းနေရာများနှင့် စေတီ၊ ပုထိုးငုတ်တိုဟောင်းများကို

အလေးထား လေ့လာမှတ်တမ်းပြုကြသည်။ အထူးမှာ တောင်ကြားရှိ အဝင်အထွက် တံခါးကြီးသဖွယ် ရှိနေသော နေရာကို အထူးပြုလေ့လာကြသည်။

မြို့ဟောင်းရွာ အရှေ့ဘက်၌ ရှည်လျားသော ဒေါနတောင်၏ တောင်စဉ်တောင်တန်း တည်ရှိသည်။ တောင်တန်းတစ်နေရာတွင် အလွယ်တကူဝင်ထွက်သွားလာနိုင်သော တောင်ကြား တစ်နေရာ ရှိ သည်။ ရှေးကယောနကတိုင်းသား(ယိုးဒယား)များနှင့် မြန်မာတိုင်းရင်းသားများ ကုန်စည်ကူးသန်းသွားလာရာတွင် အသုံးပြုကြသော တောင်ကြားလမ်းဖြစ်သည်။ ရှေးက ဤဒေသ၌ ကူးသန်းသွားလာရာတွင် တတန်ကူးခေါ်သော အကွေ့အကောက်(၉)နေရာရှိသည့် ချောင်းကို ဖြတ်ကျော်ရသည်။ အကွေ့အကောက်များလှသော ချောင်းကို အတန်တန်း တကူးတက ကူးဖြတ်ရသဖြင့် “တတန်ကူးချောင်း” အမည်တွင်လာကြောင်း ဆိုကြပါသည်။ ရှေးခေတ်က မြန်မာတပ်မတော်ကြီး ယိုးဒယားသို့ စစ်ချီရာတွင် ဤတောင်ကြားလမ်းကို အများဆုံး အသုံးပြုခဲ့သည်။

တောင်စဉ်တောင်တန်းတစ်နေရာတွင် တောင်ကြားတစ်ခု တည်ရှိနေခြင်း၊ ထိုတောင် ကြားတွင် ကူးသန်းသွားလာရ လွယ်ကူ၍ စစ်ရေးစစ်ရာ စစ်ချီရာတွင်လည်း အသုံးပြု ကြခြင်း၊ တစ်ဘက်တိုင်းသားတို့က ထိုတောင်ကြားကို ဝင်ထွက်အသုံးပြုကြပြီး နိုင်ငံ တော်ကို မကြာခဏ လာရောက်ထိပါးသဖြင့် တံခါးစောင့်ခံတပ်မြို့တည်ထားခဲ့ခြင်း စသည့် သမိုင်းရာဇဝင်များ ပေါ်ထွန်းလာခဲ့လေသည်။

မြို့ဟောင်းရွာ ပတ်ဝန်းကျင်တွင် တောင်စဉ်တောင်တန်းများ၊ သစ်ပင်ကြီးများ ရှိနေပြီး တောကြီးမျက်မည်းသဖွယ် ဖြစ်တည်သော နေရာဖြစ်နေလေသည်။ တောင်စဉ် တောင်တန်း များအနက် အမြင့်ပေ ၅၀၀ ခန့်ရှိသော တောင်တစ်တောင်နှင့် အမြင့်ပေ အလားတူ ရှိနေ သော တောင်တစ်တောင်တို့တွင် တောင်ကြားတစ်နေရာရှိသည်။ ထိုတောင်ကြားမှ အရှေ့သို့ အနည်းငယ် ဖြတ်သွားလျှင် အလွန်မတ်စောက်လှသော ကျောက်ကမ်းပါးကို ဖြတ် ကျော် ရသည်။ ထိုကျောက်ကမ်းပါးယံကို လှေခါးထစ်များ ပြုလုပ်ထားပြီး ကျောက်တုံးကြီးများ စီထပ်ထားသဖြင့် တံတိုင်းကြီးသဖွယ် ဖြစ်တည်နေလေသည်။ တောင်ကြား တံခါးပေါက် သည် လူ ၂ ဦးခန့်သာ ဝင်ထွက်နိုင်သော အကျယ်အဝန်းရှိသည်။

ပိုင်တရောင့်ဒုံခေါ်သော တံခါးစောင့်ခံတပ်မြို့ကို ကျုံးပတ်လည် ဝိုင်းရံထားပြီး အံ့ဖွယ်ဆန်းကျယ်စွာ ပြုလုပ်ထားလေသည်။ ထိုကျုံးမှာ ကရင်ပြည်နယ်တွင် ရှေးမင်းများ တည်ဆောက်ထားသောအခြားကျုံးများနှင့် မတူဘဲတစ်မျိုးအံ့ဖွယ်ဆန်းကျယ်သောရေကျုံးကို ပြုလုပ်ထားလေသည်။ ရေကျုံးများမှာ အမြင့်ပေ ၅၀၀ ခန့်ရှိသောတောင်ကို ကွေ့ပတ်၍ ကျုံးတစ်တန်နှင့် တစ်တန်ရေများ၊ စီးဝင်ထွက်နိုင်စေရန် ဆက်သွယ်ထားလေသည်။ ကျုံး(၇)တန်ရှိလျက် အကန့်(၇)ကန့်ရှိနေပြီး ရေများ ဝင်ထွက် နိုင်ရန် ကျုံးထိမ်ချင်း ဆက်စပ်ထားလေသည်။ ကျုံးတစ်ကန့်နှင့် တစ်ကန့် ရေလျှံမသွားစေရန် တောင်ကို ပတ်၍ရေကန်များ ပြုလုပ်ဝိုင်းရံထားလေသည်။

အမြင့်ဆုံးရှိသော ကျုံး၌ ရေပြည့်လျှံပါက ဒုတိယကျုံးတွင် ရေများဝင်လာစေရန် စီမံပြုလုပ်ထားသည်။ တစ်ဖန် ဒုတိယကျုံမှ ရေပြည့်လျှံသွားလျှင် တတိယကျုံးသို့ ရေများ ဝင်လာစေသည်။ ထိုသို့ ကျုံးရေများ တစ်ဆင့်မှတစ်ဆင် ကျုံတစ်တန်မှတစ်တန် ရေဝင်စေပြီး အောက်ဆုံးကျုံး၌ ရေပြည့်လျှံသောအခါ တောင်ခြေရှိ တတန်ကူးချောင်းသို့ ရေများစီးဝင်သွားစေရန် ဆက်သွယ် ထားလေသည်။

ဤသို့ဖြင့် ရန်သူများ(အထူးသဖြင့် ယောနကတိုင်းသားများ) လာရောက်တိုက်ခိုက်လျှင် တောင်ထိပ်ရှိ ခံတပ်သို့ တက်ရောက်နိုင်ရန် ကျုံး(၇)တန်(၇)ဆင့်ကို ဖြတ်ကျော်ရသည်။ ရန်သူများ အလွယ်တကူ တက်ရောက်ရန် ခက်ခဲသည့်အပြင် ရန်သူများအား ခံတပ်အပေါ်စီးမှ ပစ်ခတ်တားဆီးနိုင်လေသည်။ ရန်သူတို့သည် တောင်ကြားကို တက်ရောက်ကျော်ဖြတ်ရန် ခက်ခဲလျက်ရှိသလို ခံတပ်မြို့ကိုလည်း အလွယ်တကူ တိုက်ခိုက်၍မရနိုင်စေရန် စီမံပြုလုပ် တည်ဆောက်ထားလေသည်။

ဤသို့သော တောင်ကြားတံခါးခံတပ် တည်ဆောက်ထားပုံအရ ထိုခေတ် ထိုအချိန်က အလွန်ခက်ခဲ ကြီးမားခေတ်မှီလှသောခံတပ်တည်ဆောက်မှု တစ်ရပ်အဖြစ် နှောင်းခေတ်တွင် အံ့ဖွယ်ဘန်း မှတ်တမ်းတင်ထားကြပါသည်။

တံခါးစောင့်ခံတပ်မြို၏ မြို့ဟောင်းရှာပတ်ဝန်းကျင်တို့တွင် ကုန်းရောင်ရောင်ရှိနေသော ရှေး

ဟောင်း အဆောက်အအုံ ဖြစ်ခဲဟန်တူသည့် နေရာများစွာကို တွေ့ရှိရပေသည်။ တစ်နေရာတွင် အရှေ့နှင့်အနောက် တန်းနေသော တောင်ပူစာကုန်းမြင့် တစ်ခုပေါ်တွင် ပစ်စည်လုံးပတ် ၁၆ ပေခန့်ရှိသော ပျဉ်းမပင်များ ပေါက်နေလေသည်။ အမှတ်မထင် တောင်ပူစာ ထင်မှတ်ရသော ကုန်းမြင့်သည် လျောင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်နေလေသည်။ ဤမျှကြီးမားလှသော ဗုဒ္ဓရုပ်ပွား လျောင်းတော်မူကြီးသည်

ကရင်ပြည်နယ်တွင် မတွေ့ရှိရသေးချေ။ အချို့သော နေရာများတို့တွင် မြေ၌မြုတ်နေသော ရှေးဟောင်း အုတ်ချပ်ကြီးများကို တွေ့ရှိရပြီး အချို့သော နေရာတို့တွင် ရေကန်ကြီး၊ ရေကန်ငယ်သဖွယ် ဖြစ်တည်နေပေသည်။ ဤသို့သော ရေကန်ကြီး၊ ရေကန်ငယ် သဏ္ဍာန်ရှိနေသော နေရာများတွင် တစ်ချိန်က အုတ်များကို ကြီးကျယ်စွာ ထုတ်လုပ်သော အမှတ်အသားဖြစ်သည်။ ထို့အတူ စေတီ၊ ပုထိုး၊ အဆောက်အဦး ယူဆနိုင်သော ကုန်းရောင်ရောင်ရှိသည့်နေရာများကိုလည်း အနှံ့အပြားရှိသည်။ ထိုအဆောက်အအုံဟောင်းတို့၌ ကျိုးပဲ့ပြီး အတွင်း၌ ချော်သားဖြစ်နေသော လက်ရေးစင်းအမှတ်အသားပါ အုတ်ချက်ကြီး(၃)မျိုးကိုလည်း တွေ့ရှိရသည်။

ဇေယျမြို့ ဒွါရပူရမြို့ဟောင်းကို လာရောက်လေ့လာကြသော သုတေသီးပညာရှင်ကြီးများ အဆိုအရ မြို့ဟောင်းရွာ အနီးအနားတို့၌ တွေ့ရှိရသော လိပ်သည်းကျောက်နှင့် ဂဝံကျောက်အချို့မှာ ဤဒေသတွင် ထွက်ရှိသော ပစ္စည်းမဟုတ်ချေ။ သံလွင်မြစ်အနောက်ဘက်ကမ်းဒေသနှင့် သထုံဒေသတို့မှ တွေ့ရှိရသော သယံဇာတ ပစ္စည်းများဖြစ်ပြီး သထုံဒေသမှ တင်ဆောင်ယူသော ပစ္စည်းများဖြစ်မည်ဟု ခန့်မှန်းမှတ်ချက်ပေးကြပါသည်။

ထိုခန့်မှန်းချက်အရ ဆက်စပ်နိုင်သည်မှာ မျက်မှောက်၌ သုံးဆယ်သုံးဆူရွာအနီး “ကျိုက်သရိုက်”ရွာတွင် လှိုမြောင်ကြီး တစ်ခုရှိပြီး ဟောင်သရောမြစ်နှင့် ဆက်စပ်နေလေသည်။ တစ်ခေတ်တစ်ချိန်က ထိုနေရာတွင် လှေ၊ သမ္ဗန်များ ဆိုက်ကပ်သော ဆိပ်ကမ်းနေရာ ဖြစ်နိုင်ဖွယ်ရှိသည်။ သထုံနှင့် သံလွင်မြစ်အနောက်ဘက် ကမ်းခြေတို့မှ လိပ်သည်းကျောက်များ၊ ဂဝံကျောက်များနှင့် အခြားသော ပစ္စည်းများ တင်ဆောင်ယူပြီး ထိုမှတစ်ဆင့် တံခါးစောင့် ခံတပ်မြို့သို့ ရောက်ရှိလာခြင်းဖြစ်နိုင်ပေသည်။

သုံးဆယ့်သုံးဆူရွာနှင့် မြို့ဟောင်းသို့ ဆက်သွယ်သော လမ်းတွင် ကရင်အခေါ် "တဖေါင်း ဖာဒိုး" လမ်းမကြီးရှိသည်။ ထိုလမ်းမကြီးသည် ကျိုက်သရိုက်ဆိပ်ကမ်းမှ မြို့ဟောင်းသို့ အဓိက ဆက်သွယ်သော လမ်းမကြီးဖြစ်နိုင်၏။ သံလွင်မြစ် အနောက် ဘက်ကမ်း ဒေသ များနှင့် သထုံဒေသတို့မှ မြို့ဟောင်း(ဇေယျမြို့)ရွာနှင့် တစ်ခေတ်တစ်ချိန်က ဆက်သွယ်သွား လာခြင်း ရှိခဲ့ကြောင်း မှတ်ယူနိုင်ပါသည်။

လက်ရှိမြို့ဟောင်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာစိုက် ပျိုးခြင်း၊ တပိုင်တနိုင် မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရရှိမှုအနေဖြင့် ရာသီအလိုက် သီးနှံစိုက်ပျိုးခြင်း၊ ဝဥ၊ အင်ဥ ကောက်ခြင်း၊ အိမ်းအမိုးအတွက် အင်ဖတ်ကောက်ခြင်းများ ပြုလုပ်ကြပါသည်။ ကျေးရွာတွင် အများဆုံးနေထိုင်သော လူမျိုးများမှာ ပအိုဝ်း၊ ကရင်၊ ရှမ်းတိုင်းရင်းသားများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာများ ကိုးကွယ်ယုံကြည်ကြပါသည်။

မြို့ဟောင်းကျေးရွာ၏ အရှေ့ဘက်တွင် ဒေါနတောင်တန်းရှိပြီး၊ အနောက်ဘက်တွင် မောင်းမ ရွာသစ်၊ မြောက်ဘက်တွင် အံကလော်ရွာနှင့် တောင်ဘက်တွင် ကတိုးထ ရွာရှိပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်းစုနှင့် လူဦးရေ။

မြို့ဟောင်းကျေးရွာတွင် အိမ်ထောင်စု (၄၀)စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သော လူဦးရေမှာ အမျိုးသား (၁၃၂) ဦး၊ အမျိုးသမီး (၁၀၈)ဦး၊ စုစုပေါင်း (၂၄၀)ဦးရှိပါသည်။ ယခု အိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၂၀ခုနှစ်၊ ဇွန်လတွင် ကောက်ထားသော စာရင်းဖြစ် ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

မြို့ဟောင်းကျေးရွာတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးစုမှာ ရှမ်း၊ ကရင်၊ ပအိုဝ့်လူမျိုး ဖြစ်ပါသည်။ ရှမ်းလူမျိုး အိမ်ထောင်စု (၄) စုတွင် အမျိုးသား (၁၆)ဦးနှင့် အမျိုးသမီး (၁၀)ဦး စုစုပေါင်း (၂၆)ဦး ရှိပါသည်။ ကရင်လူမျိုး အိမ်ထောင်စု (၇) စုတွင် အမျိုးသား (၂၆)ဦးနှင့် အမျိုးသမီး (၁၉)ဦး စုစုပေါင်း (၄၅)ဦး ရှိပါသည်။ ပအိုဝ့်လူမျိုး အိမ်ထောင်စု (၂၉) စုတွင် အမျိုးသား (၉၀)ဦးနှင့် အမျိုးသမီး (၇၉)ဦး စုစုပေါင်း (၁၆၉)ဦး ရှိပါသည်။

### ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

မြို့ဟောင်းကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) (၁၃) ဦး၊ မသန်စွမ်း (၁၂) ဦး တို့ရှိ ပါသည်။

### ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

မြို့ဟောင်းကျေးရွာတွင် မူလတန်းကျောင်းခွဲ (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ရှိပါသည်။

### ၄.၆။ အဓိကဝင်ငွေရ (သို့) စီပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုး လုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများဖြစ်ပါသည်။

### ၄.၇။ ပိုင်ဆိုင်မှု မြေရေယာနှင့်သဘာဝ သယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစားအိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွား တို့ရှိပါသည်။

### ၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့၊ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တို့သည် ကျေးရွာတွင်း တည်ရှိသော အဖွဲ့အစည်းများဖြစ်ပါသည်။

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ဌာနများ နှင့်လည်းချိတ်ဆက်မှုရှိပါသည်။ KNU, UNICEF, ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ မသန်စွမ်းကူညီထောက်ပံ့ရေးအဖွဲ့ တို့နှင့် ချိတ်ဆက်ပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | ၅ | ၂၇ | ၃၂ | အဓိကဝင်ငွေရလုပ်ငန်းမှာလယ်/ယာလုပ်ငန်းဖြစ်ပြီးဒုတိယအနေဖြင့်ကျဘန်းလုပ်ငန်းဖြစ်သည်။လွန်ခဲ့သော၅နှစ်ခန့်မှစ၍သစ်တောများပြုန်းတီးလာမှုကြောင့်ကျဘန်းလုပ်ကိုင်သူများဝင်ငွေရရှိမှု နည်းလာသည်။ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | ၅ | ၂၇ | ၃၂ | မွေးမြူရေးလုပ်ငန်း၊ဝင်ငွေနည်းပါးခြင်း၊သောက်သုံးရေရှားပါးခြင်း၊လမ်းပန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | ၅ | ၂၇ | ၃၂ | အဆင်မပြေသောအိမ်ထောင်စုများသည် ပုံမှန် ဝင်ငွေမရှိသဖြင့် ကလေးများအား ကျောင်းမထားနိုင်ပါ။ငွေကြေးအရင်းအနှီးမရှိသဖြင့်ဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ပိုင်ခွင့်မရှိပါ။ |
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | ၅ | ၂၇ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသမီးများ၅၀%သာပူး |


| | | | | | |
|---|---|---|---|---|---|
| | | | | | ပေါင်းပါဝင်ကြသည်။အမျိုးသမီးအများစုသည်အိမ်မှုကိစ္စများဖြစ်သာအချိန်ကုန်နေသဖြင့်အခြားလူမှုရေး၊စီးပွားရေးလုပ်ငန်းတို့တွင်ပူးပေါင်းပါဝင်ရန်အခက်အခဲရှိပါသည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | ၅ | ၂၇ | ၃၂ | အပ်ချုပ်စက် အမျိုးသမီးများသုံးစွဲမှုများသည်။လက်တွန်းထွန်စက်၊ထော်လာဂျီ၊မြက်ရိတ်စက်၊စက်တပ်လှေ၊ အမျိုးသားများသုံးစွဲမှုများသည်။ ဆိုင်ကယ်၊ကား၊ရေတွင်း၊ဘုန်းကြီးကျောင်း၊လယ်၊နွားတို့ကိုအမျိုးသား၊အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ၅ | ၂၇ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်၍အုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်ပြီးကျန်အဖွဲ့များကပူးပေါင်းပါဝင်ကြသည်။အဖွဲ့တိုင်းတွင်အမျိုးသမီးများပါဝင်ကြပါသည်။ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် လည်းချိတ်ဆက်မှုရှိသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)




ဥစ္စာဓနကြွယ်ဝမှုဇယား

မြို့နယ်-ကော့ကရိတ်
ကျေးရွာ-မြို့ဟောင်း
ရက်စွဲ -17.6.2020


| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသောအိမ်ထောင်စု | ပျဉ်ထောင်အိမ်/လယ်၊ခြံ၊အနည်းငယ်ပိုင်၊ဆိုင်ကယ်၊ထော်လာဂျီ၊ | 10 | 25 % |
| အလယ်အလတ်အိမ်ထောင်စု | ပျဉ်ထောင်အိမ်၊ခြံ၊ [illegible]၊ဆိုင်ကယ် | 20 | 50 % |
| အဆင်မပြေသောအိမ်ထောင်စု | ဖက်မိုးအိမ်၊နေ့စား၊ကျပန်း | 10 | 25 % |
| | စုစုပေါင်း | 40 | 100 % |

ပါဝင်ဆွေးနွေးသူ - ကျား(5)+မ(27)

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ် - ကော့ကရိတ်
ရက်စွဲ - ၁၇.၆.၂၀၂၀

ကျေးရွာ - မြို့ဟောင်း
အုပ်စု - ကော့နွဲ


ပိုင်ဆိုင်မှုသုံးသပ်ခြင်း

အရင်းအမြစ်သုံးစွဲမှု၊ ထိန်းချုပ်မှုဖြစ်စေသော

| သုံးစွဲသူ | | | ထိန်းချုပ်သူ | | |
|---|---|---|---|---|---|
| ကျား | မ | ကျား+မ | ကျား | မ | ကျား+မ |
| ထွန်စက် | အပ်ချုပ်စက် လက်ဝတ်ရတနာ | အုန်းကြိုးကျောင်း ဆိုင်ကယ် စက်ဘီး ရေတွင်း လယ် | ထွန်စက် အုန်းကြိုးကျောင်း | အပ်ချုပ်စက် လက်ဝတ်ရတနာ | ဆိုင်ကယ် စက်ဘီး ရေတွင်း လယ် |

ပါဝင်ဆွေးနွေးသူ - ကျား - 5 - မ - 27 - ပေါင်း = 32

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ |
|---|---|---|
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်လုပ်ငန်းနှင့်ဥယာဉ်ခြံလုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။လယ်လုပ်ငန်းကိုတစ်နှစ်ပတ်လုံးမလုပ်ကိုင်နိုင်ပါ။ကျေးရွာတွင်းအရင်းအမြစ်များမှာအင်တော၊လယ်နှင့်ခြံအနည်းငယ်ရှိပါသည်။လွန်ခဲ့သောငါးနှစ်အတွင်းချောင်း၊ငါး၊တောများနည်းပါးလာသည်။ကျေးရွာတွင်သီးခြားနေသောအုပ်စုမရှိပါ။ကရင်၊ပအိုဝ်၊ရှမ်းတိုင်းရင်းသားအားလုံးအတူတကွနေထိုင်ကြပါသည်။ထိုင်းသို့သွားရောက်လုပ်ကိုင်သူအနည်းငယ်ရှိသည်။ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်နှင့်ဥယာဉ်ခြံလုပ်ငန်းဖြစ်သည်။အိမ်ထောင်စု(၂၀)ခန့်လုပ်ကိုင်ကြပါသည်။လယ်လုပ်ငန်းကိုတစ်နှစ်ပတ်လုံးမလုပ်ကိုင်ပါ။ လယ်လုပ်ငန်းမလုပ်ကိုင်သောအခါကျပန်းလုပ်ကိုင်ပါသည်။တစ်ရက်ပျှမ်းမျှဝင်ငွေလုံလောက်မှုမရှိပါ။ထို့ကြောင့်ချေးငွေယူခြင်း အိမ်မွေးတိရိစ္ဆာန်များကိုရောင်းခြင်းဖြင့်ဖြေရှင်းပါသည်။အမျိုးသား/သမီးလုပ်အားခတန်းတူရရှိပါသည်။အမျိုသမီးများ၏အဓိကအ |

| | | |
|---|---|---|
| | | သက်မွေးဝမ်းကြောင်းလုပ်ငန်းမှာလယ်၊ကျ ပန်းလုပ်ကိုင်ခြင်းဖြစ်ပါသည်။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | အဆင်မပြေသောအိမ်ထောင်စု(၁၀)စုရှိသည်။ အဆင်မပြေရခြင်းမှာငွေကြေးအရင်းအနှီးမရှိခြင်းသားသမီးများခြင်းကြောင့်ဖြစ်သည်။အဆင်မပြေသောအိမ်ထောင်စုများကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်ပါဝင်လာအောင်သူတို့အားလပ်သောအချိန်ကိုရွေးပြီးအစည်းအဝေးပြုလုပ်ပေးခြင်း၊လုပ်ငန်းစတင်ရာတွင်အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းဖြင့်ပါဝင်လာအောင်ဆောင်ရွက်နိုင်ပါသည်။လမ်းပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းသည်ကျေးရွာလမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်လာပြီးအဆင်မပြေသောအိမ်ထောင်စုအတွက်အလုပ်အကိုင်အခွင့်အလမ်းလည်းရရှိလာမည်။ |
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | အမျိုးသမီးများ၏ပညာတတ်မြောက်မှု၊ဆုံးဖြတ်ချက်ချနိုင်မှု၊အလုပ်အကိုင်အခွင့်အလမ်း၊ဝင်ငွေရှာဖွေနိုင်မှု၊လုံခြုံမှုတို့သည်အမျိုးသားထက်နည်းသည်။အမျိုးသမီးများသည်အိမ်မှုကိစ္စနှင့်ကလေးထိန်းရာတွင်သာအချိန်ပေးနေရသည်ကများသောကြောင့်ဝင်ငွေရှာဖွေမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းတွင်နည်းသည်။ဆုံးဖြတ်ချက်ချရာတွင်အမျိုးသားနှင့်အမျိုးသမီးတန်းတူဖြစ်သည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | အမျိုးသမီးသီးသန့်အသုံးပြုသောအရင်းအ |

| | | |
|---|---|---|
| | | မြစ်မှာအပ်ချုပ်စက်နှင့်လက်ဝတ်ရတနာတို့ဖြစ်သည်။အမျိုးသားသီးသန့်အသုံးပြုသောအရင်းအမြစ်မှာထွန်စက်ဖြစ်သည်။နှစ်ဦးစလုံးအသုံးပြုသောအရင်းအမြစ်မှာဘုန်းကြီးကျောင်း၊ဆိုင်ကယ်၊စက်ဘီး၊ရေတွင်း၊လယ်တို့ဖြစ်သည်။အမျိုးသမီးသီးသန့်ထိန်းချုပ်သောအရင်းအမြစ်မှာအပ်ချုပ်စက်နှင့်လက်ဝတ်ရတနာတို့ဖြစ်သည်။အမျိုးသားသီးသန့်ထိန်းချုပ်သောအရင်းအမြစ်မှာထွန်စက်နှင့်ဘုန်းကြီးကျောင်းဖြစ်သည်။နှစ်ဦးစလုံးထိန်းချုပ်သောအရင်းအမြစ်မှာဆိုင်ကယ်၊စက်ဘီး၊ရေတွင်း၊လယ်တို့ဖြစ်သည်။ထိုအရင်းအမြစ်များကိုအသုံးပြုနိုင်ရန်နှစ်ဦးစလုံးကဆုံးဖြတ်ချက်ချသည်ကပိုများသည်။ |
| **၆** | **အဖွဲ့အစည်းချိတ်ဆက်မှု** | စာရင်းထဲတွင်မပါဝင်သောအဖွဲ့မရှိပါ။လူငယ်အဖွဲ့၊အိုးသူကြီးမိန်းမကြီး၊ဂေါပကအဖွဲ့သည်လူမှုရေးဘာသာရေးတွင်အဓိကပါဝင်သည်။ဂေါပကအဖွဲ့သည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်သည်။ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့သည်ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်သည်။ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့သည်DRD၊လူထုဗဟိုပြုစီမံကိန်း၊အုပ်စုအုပ်ချုပ်ရေးနှင့်ချိတ်ဆက်မှုရှိသည်။KNU၊မသန်စွမ်းကူညီထောက်ပံ့ရေးအဖွဲ့၊ကျန်းမာရေး၊ငှက်ဖျားတိုက်ဖျက်ရေး၊ယူနီဆက်တို့ |

| | | |
|---|---|---|
| | | သည် ကျေးရွာလူထုနှင့်ချိတ်ဆက်မှုရှိသည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးစိန်ထွန်းလှိုင် | √ | | စီ/ထောက်ဥက္ကဌ | |
| ၂ | ဒေါ်စိန်သန်း | | √ | စီ/ထောက်ဥက္ကဌ | |
| ၃ | ဒေါ်သောင်းငွေ | | √ | ဝယ်ယူရေးခေါင်းဆောင် | |
| ၄ | ဒေါ်ထွေးကြည် | | √ | ဝယ်ယူရေးအဖွဲ့ဝင် | |
| ၅ | ဦးထွန်းဦး | √ | | ဝယ်ယူရေးအဖွဲ့ဝင် | |
| ၆ | ဒေါ်နီလာခင် | | √ | ကျေးရွာစာရင်းကိုင် | |
| ၇ | ဦးသန်းစိုး | √ | | စောင့်ကြည့်ခေါင်းဆောင် | |
| ၈ | ဒေါ်သန်းခင် | | √ | စောင့်ကြည့်အဖွဲ့ဝင် | |
| ၉ | ဒေါ်ကြည်အောင် | | √ | စောင့်ကြည့်အဖွဲ့ဝင် | |
| ၁၀ | ဦးတင်ဦး | √ | | ပြင်/ထိန်းခေါင်းဆောင် | |
| ၁၁ | ဒေါ်မြင့်ဝေ | | √ | ပြင်/ထိန်းအဖွဲ့ဝင် | |
| ၁၂ | ဦးစိုးနိုင် | √ | | ပြင်/ထိန်းအဖွဲ့ဝင် | |
| ၁၃ | ဒေါ်စန်းမြိုင် | | √ | ဝေဖန်အကြံပြုကိုယ်စားလှယ် | |
| ၁၄ | ဒေါ်အဘိ | | √ | ဝေဖန်အကြံပြုကိုယ်စားလှယ် | |
| ၁၅ | ဦးစိန်ထွန်းလှိုင် | √ | | စေတနာ့ဝန်ထမ်း | |
| ၁၆ | ဒေါ်စိန်သန်း | | √ | စေတနာ့ဝန်ထမ်း | |

| | | | |
|---|---|---|---|
| စုစုပေါင်း | ကျား-၆ | မ-၁၀ | ပေါင်း-၁၆ |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

| ကျေးရွာခေါင်းဆောင် အမည် ဦးဖါးနူ | ကျေးရွာခေါင်းဆောင် ဖုန်းနံပါတ် ၀၉၄၀၅၀၃၇၇၅၇ | လူထုစည်းရုံးရေးမှူးအမည် နန်းစန္ဒာသင်း |
|---|---|---|

| ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | ကော့ကရိတ် | ကော့နွဲ | မြို့ဟောင်း |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)...ပအိုဝ်............ | ၂၉ | ဗုဒ္ဓ | ၄၀ |
| လူမျိုးစု (၂)...ကရင်............ | ၇ | | |
| လူမျိုးစု (၃).....ရှမ်း............ | ၄ | | |
| လူမျိုးစု (၄)........................ | | | |
| အခြား .............................. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၁၂ |
| သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်) | ၁၃ |
| စစ်ဘေးရှောင် | |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)......ပအိုဝ်.......... | ၉၀ | ၇၉ | ၁၆၉ |

| | | | |
|---|---|---|---|
| လူမျိုးစု (၂)... ကရင် ............ | ၂၆ | ၁၉ | ၄၅ |
| လူမျိုးစု (၃)... ရှမ်း ............ | ၁၆ | ၁၀ | ၂၆ |
| လူမျိုးစု (၄)........................ | | | |
| အခြား ............................ | | | |
| အိမ်ထောင်ဦးစီး | ၃၂ | ၈ | ၄၀ |

ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | √ | အခြား | | ဗလီ | |
| မှတ်ချက် အ.မ.က.ခွဲ | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့ အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက် | | | ဆရာဝန် | | | လက်သ မား | √ | √ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တန်း ဆရာ/မ | | | | | | | | |
| အလယ် တန်း ဆရာ/မ | | | ကျန်းမာ ရေးမှူး | | | ပန်းရံ | √ | √ |
| မူလတန်း ဆရာ/မ | | √ | ကျန်းမာ ရေး ဆရာမ | √ | | လျှပ်စစ် ကျွမ်းကျင် | | |
| မူကြို ဆရာ/မ | | | သားဖွား ဆရာမ | | | ရေပိုက် သွယ် | | |
| အခြား | | | ကျန်းမာ ရေး လုပ်သား | | | စက်ပြင် | | |

**(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသော လမ်းအခြေ အနေ**

**ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း**

**ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား -------------------**

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

**၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ကျေးရွာတွင် ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? ---- ------ ရှိပါသည်/မရှိပါ/မသိပါ**

**၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?----------- (.....)/ မသိပါ**

**၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား:----------------------**

ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။-------- (၃)မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန်၂၀မိနစ်ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား

မိုးရာသီကြာချိန်၃၀မိနစ်ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

......√.မရှိပါ/ ..........ရှိပါသည်/ ရှိလျှင်ဖော်ပြပါ ......

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ (သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) --------------------------------- (၂) ----------------------------------

(၁) --------------------------------- (၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။

..........မရှိပါ။ ......√......ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2)

| စည်းရုံးရေးမှူးဝန်ထမ်းအမည် - နန်းစန္ဒာသင်း | | | |
|---|---|---|---|
| နေ့စွဲ - ၁၇.၆.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ် ကရင် | မြို့နယ် ကော့ကရိတ် | ကျေးရွာအုပ်စု ကော့နွဲ | ကျေးရွာ မြို့ဟောင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူ အရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးစီးသည့် နေ့ | ကျား | မ | အိမ်ထောင် စု | လူမျိုးစု | | | |
| | | | | | | အရေအတွက် | အမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၇.၆.၂၀၂၀ | ၁၇.၆.၂၀၂၀ | ၅ | ၂၇ | ၃၂ | ၆၂၁၅ | ကရင် ပအိုဝ် ရှမ်း | ၄၀ | ၈၀ |
| ၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၇.၆.၂၀၂၀ | ၁၇.၆.၂၀၂၀ | ၅ | ၂၇ | ၃၂ | ၆၂၁၅ | ကရင် ပအိုဝ် ရှမ်း | ၄၀ | ၈၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏စီမံကိန်းသုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၅။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော် | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရေးကော်မတီးဆုံးဖြတ်မှုကိုကျေးရွာသို့အသိပေးသည့်အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲ စီမံချက်ရေးဆွဲသည့်အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှုလျာထားအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲတိုးတက်မှုစောင့်ကြည့်အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၇.၁။ အစည်းအဝေးပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေးဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - နန်းစန္ဒာသင်း | | | |
|---|---|---|---|
| နေ့စွဲ - ၁၇.၆.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ကော့နွဲ | ကျေးရွာ<br>မြို့ဟောင်း |

**(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။**

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| မြို့ဟောင်း-ကော့နွဲရွာချင်းဆက်လမ်းမကောင်းသောကြောင့် သွားလာရခက်ခဲခြင်း | ကျား<br>... | မ.... | ကျား+မ<br>√ |
| လျှပ်စစ်မီးမရှိသောကြောင့်ညဘက်သွားလာခြင်းနှင့်ထမင်း ဟင်းချက်ရာတွင်ထင်းရှားပါးလာသောအခက်အခဲရှိခြင်း | ကျား<br>... | မ.... | ကျား+မ<br>√ |
| စိုက်ပျိုးရေးနည်းပညာ၊မျိုးကောင်းမျိုးသန့်အားနည်းသော ကြောင့်စပါးအထွက်နည်းခြင်း | ကျား<br>√ | မ.... | ကျား+မ<br>... |
| ကျောင်းဆရာမမလုံလောက်သောကြောင့်ကလေးများပညာ သင်ကြားရာတွင်အခက်အခဲဖြစ်ခြင်း | ကျား<br>... | မ.... | ကျား+မ<br>√ |
| မွေးမြူရေးနည်းပညာမျိုးကောင်းမျိုးသန့်အားနည်းသော ကြောင့်တပိုင်တနိုင်မွေး မြူရေးလုပ်ငန်းများတွင် အခက်အခဲရှိခြင်း | ကျား<br>... | မ<br>√ | ကျား+မ<br>... |
| အလုပ်အကိုင်ရှားပါးသောကြောင့်ဝင်ငွေနည်းပါးခြင်း | ကျား<br>... | မ.... | ကျား+မ<br>√ |

## (ခ) မျှော်မှန်းခြင်း - နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| မြို့ဟောင်း-ကော့နွဲရွာချင်းဆက်လမ်းကောင်းမွန်လာပြီး သွားလာရအဆင်ပြေလာစေရန် | **ကျား** ... | **မ....** | **ကျား+မ** √ |
| လျှပ်စစ်မီးရရှိလာပြီးပညာရေး၊စီးပွားရေးပိုမိုအဆင်ပြေလာ စေရန် | **ကျား** ... | **မ....** | **ကျား+မ** √ |
| စိုက်ပျိုးရေးနည်းပညာ၊မျိုးကောင်းမျိုးသန့်ရရှိလာပြီးစပါး အထွက်တိုးလာစေရန် | **ကျား** √ | **မ....** | **ကျား+မ** ... |
| ကျောင်းဆရာမလုံလောက်စွာရရှိလာပြီးကလေးများပညာ သင်ကြားရာတွင်ပိုမိုအဆင်ပြေလာစေရန် | **ကျား** ... | **မ....** | **ကျား+မ** √ |
| မွေးမြူရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိလာပြီးစီး ပွားရေးပိုမိုအဆင်ပြေလာစေရန် | **ကျား** ... | **မ** √ | **ကျား+မ** ... |
| အသက်မွေးဝမ်းကြောင်းသင်တန်းရရှိလာပြီးဝင်ငွေတိုးလာ စေရန် | **ကျား** ... | **မ....** | **ကျား+မ** √ |

## (ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျုံးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။


| ဦးစားပေးအဆင့်သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | လျှပ်စစ် မီးကြိုး မီးတိုင်သွယ် တန်းခြင်းလုပ် | ကျ+မ | မီးလင်းရေး | ၃၀၀၀၀၀၀၀ | ၁၃၂ | ၁၀၈ | ၂၄၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ငန်း | | | | | | |
| ၂ | မြို့ဟောင်း-ကော့နွဲ ရွာချင်းဆက်ဂဝံ မြေသားလမ်း ခင်းခြင်းလုပ်ငန်း | က+မ | လမ်းပန်းဆက်သွယ်ရေး | ၃၅၀၀၀၀၀၀ | ၁၃၂ | ၁၀၈ | ၂၄၀ |
| | | | | | | | |
| | | | | | | | |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းဆရာမလုံလောက်စွာရရှိရေး | က+မ | ပညာရေး |
| ၂ | စိုက်ပျိုးရေးနည်းပညာနှင့်မျိုးကောင်းမျိုး သန့်ရရှိ ရေး | က | စိုက်ပျိုးရေး |
| ၃ | မွေးမြူရေးနည်းပညာနှင့်မျိုးကောင်းမျိုး သန့်ရရှိ ရေး | မ | အခြား |
| ၄ | အသက်မွေးဝမ်းကြောင်းသင်တန်းရရှိရေး (စက်ချုပ်၊စက်ပြင်) | က+မ | အခြား |
| | | | |

## ၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ



အစည်းအဝေးခေါ်ဆိုစဉ် 1st, 2nd meeting

နေရာ မြို့ဟောင်းဘုန်းကြီးကျောင်း　　　နေ့ရက် 8.7.2019

အချိန် စ 1:30 PM ပြီး 2:30 PM

ဆွေးနွေးသည့် အကြောင်းအရာ

၁။ စီမံကိန်း မိတ်ဆက်ခြင်း၊ တောက်ပဲ့သည့်ဂုဏ်ပုဂ္ဂိုလ်၊ စီမံကိန်းစက်ဝန်းအား ရှင်းပြခြင်း။
အဖွဲ့ကော်ကာဝန်ရှိသူနှင့်တာဝန်အား ရှင်းပြခြင်း။

၂။ စေတနာ့ဝန်ထမ်းအား ပြန်လည်အတည်ပြုရွေးချယ်ခြင်း။
PRA-Tools ရေးအား ပြန်လည်မှတ်မိချပြခြင်း။

၃။ အခက်အခဲ၊ ပြဿနာ၊ မျှော်မှန်းချက်၊ လုပ်ငန်းစဉ်များအား ပြန်လည်အတည်ပြုခြင်း။
ဦးစားပေးလုပ်ငန်းပြန်လည်ရွေးချယ်အတည်ပြုခြင်း။

၄။ အကျုံးဝင်/မဝင် အကောင်အထည်များအား ရှင်းပြခြင်း။
ကော်မတီဝင်များအား ပြန်လည်အတည်ပြုမှတ်မိခြင်း။

၅။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | စေတနာ့ဝန်ထမ်းအား ပြန်လည်အတည်ပြုရွေးချယ်ခဲ့သည်။ | ရွာလူထု |
| ၂။ | PRA-Tools ရေးအား ပြန်လည်မှတ်မိချပြခဲ့သည်။ | " |
| ၃။ | ပထမဦးစားပေး - မူလတန်းကျောင်းခွဲကျောင်းဆောင် ပြုပြင်တိုးချဲ့ခြင်း၊ ဒုတိယဦးစားပေး - မူလတန်းကျောင်းခွဲကျောင်းခြံစည်းရိုး ဆောက်လုပ်ရန် - တတိယဦးစားပေး - လျှပ်စစ်မီး စသောလုပ်ငန်းများအား ပြန်လည်ရွေးချယ်ခဲ့သည်။ | " |
| ၄။ | ကော်မတီဝင်အချို့ကို အသစ်ပြန်လည်ရွေးချယ်ခဲ့ပါသည်။ | " |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး နန်း[illegible] / [illegible]

လက်မှတ်/ရက်စွဲ Shin / 8.7.2019

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| **အခြေခံအဆောက်အဦး (လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး)** | ၁ | မြို့ဟောင်း-ကော့နွဲ ရွာချင်းဆက်ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉-၂၀၂၀ | | |
| | ၂ | လျှပ်စစ် မီးကြိုးမီးတိုင်သွယ်တန်းခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉-၂၀၂၀ | | |
| | ၃ | ရွာတွင်းဂဝံမြေသားလမ်း | √ | | | ၂၀၁၈ | CDD | ပြီးစီး |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **လူမှုစီးပွား (ပညာရေး၊ ကျန်းမာ ရေးနှင့်ဆိုင်သောအဆောက် အဦးနှင့် အခြားလို အပ်ချက်များ** | ၁ | ကျောင်းအားကစားကွင်းရရှိရေး | √ | | | ၂၀၁၈ | | |
| | ၂ | မူလတန်းကျောင်းခွဲကျောင်းဆောင်ပြုပြင်တိုးချဲ့ခြင်း | | | √ | ၂၀၁၉ | CDD | ပြီးစီး |
| | ၃ | မူလတန်းကျောင်းခွဲကျောင်းခြံစည်းရိုးဆောက်လုပ်ခြင်းလုပ်ငန်း | | | √ | ၂၀၁၉ | | |
| | ၄ | ကျောင်းဆရာမလုံလောက်စွာရရှိရေး | | | √ | ၂၀၁၉-၂၀၂၀ | | |
| | ၅ | | | | | | | |
| **အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်** | ၁ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး | | | √ | ၂၀၁၈ | | |
| | ၂ | စိုက်ပျိုးရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိ ရေး | √ | | | ၂၀၁၈-၂၀၁၉-၂၀၂၀ | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ဆိုင်သော အဆောက်အဦးနှင့် အခြားလို အပ်ချက်များ** | ၃ | မွေးမြူရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိ ရေး | | √ | | ၂၀၁၉-၂၀၂၀ | | |
| | ၄ | အသက်မွေးဝမ်းကြောင်းသင်တန်းရရှိရေး (စက်ချုပ်၊စက်ပြင်) | | | √ | ၂၀၁၉-၂၀၂၀ | | |
| | ၅ | | | | | | | |
| **သဘာဝဘေးအန္တရာယ်လျော့ပါးရေး** | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **အခြား** | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| **ပထမနှစ်** | ကျေးရွာတွင်းမြေသား လမ်းဆောင်ရွက်ခြင်း လုပ်ငန်း | 1540’x12’x1’ | 5159000 | 231000 | 5390000 |
| **ဒုတိယနှစ်** | မူလတန်းကျောင်းခွဲ ကျောင်းဆောင်ပြုပြင် တိုးချဲ့ခြင်း | 60’x30’x12’ | 25725100 | 0 | 25725100 |
| **တတိယနှစ်** | | | | | |
| **စတုတ္ထနှစ်** | | | | | |